အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန (MOIC)
အမျိုးသားညီညွတ်ရေးအစိုးရ (NUG)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန အရေးပေါ်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဦးစီးခန့်အပ်ခြင်း

ရက်စွဲ။ ၁၈ ရက်နေ့၊ မေ လ၊ ၂၀၂၁ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊အမျိုးသားညီညွတ်ရေးအစိုးရ၊အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက် ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦး၏လုပ်ပိုင်ခွင့်ဖြင့် Mr. Rubicon Ngwazah အားဝန်ကြီး ဌာန(MOIC)၊ အရေးပေါ် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ ဦးစီးအဖြစ် ခန့်အပ်လိုက်ပါသည်။

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၏ အရေးပေါ်ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန (MOIC-EM) သည် သမ္မတနိုင်ငံ၏ အရေးပေါ်ဆေးဖက်ဆိုင်ရာတိုးတက်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတိုးတက်ရေးတို့၌ကူညီခြင်းနှင့်လိုအပ်သော ပစ္စည်းကိရိယာများ၊ ထောက်ပံ့ရေးပစ္စည်းများ၊ ဝန်ထမ်းများ နှင့် လေ့ကျင့်ရေးဝန်ဆောင်မှုများအား တောင်းခံခြင်း၊ ရှာဖွေခြင်းနှင့် ကာကွယ်ခြင်း စသည်တို့တွင်ကူညီနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၊ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန၊ အခြားဝန်ကြီး ဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများနှင့် လိုအပ်သကဲ့သို့ ပူးပေါင်း ဆောင်ရွက်ရမည်။

RUBICON NGWAZAH သည် အရေးပေါ်တုံ့ပြန်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍ တွင် ၁၅ နှစ်ကြာ အတွေ့အကြုံရှိခဲ့ပြီး မြန်မာနိုင်ငံနှင့် နိုင်ငံတကာတွင် ဆေးဘက်ဆိုင်ရာအရေးပေါ် လုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းများ၏ နေ့စဉ်လုပ်ငန်းများ နှင့် တည်ထောင်ရေး တွင်ပါဝင်ခဲ့သည်။ ထို့အပြင် သူသည် လူသားချင်းစာနာထောက်ထားမှု၊ လုံခြုံရေး နှင့်သဘာဝ ဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာ EMS ၏ပံ့ပိုးသူ၊ ဝေးလံခေါင်သီသောလေ့လာရေးခရီး ညှိနှိုင်းရေးမှူး၊ နည်းပြဆရာနှင့်အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ RUBICON NGWAZAH အားကျွန်ုပ်တို့အဖွဲ့မှ ဝမ်းမြောက်စွာကြိုဆိုလိုက်ပါသည်။ သင်နှင့်အတူ ရဲရင့်သော မြန်မာပြည်သူများအားလုံး အတူတကွနိုင်ရမည်။

ဒေါက်တာဆာဆာ
ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန
ပြောရေးဆိုခွင့်ရှိသူ၊ အမျိုးသားညီညွတ်ရေးအစိုးရ